ရောင်းမော်ကျေးရွာ

ထားဝယ်မြို့နယ်၊ တားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရောင်းမော်ကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

## ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | - | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ရောင်းမော်ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၄ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရောင်းမော်ကျေးရွာ

ထားဝယ်မြို့နယ်

## ရောင်းမော်ကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရောင်းမော်ကျေးရွာ၏ အရှေ့ဘက်တွင် စပါးတောင် ၊တောင်ဘက်တွင် သရက်ချောင်းမြို့နယ်၊ မြောက်ဘက်တွင် ကနိုးဒါကျေးရွာအုပ်စု၊ နောက်ဘက်တွင် ရှင်မုတ္တီး ကျေးရွာနှင့် နှင့် ထိစပ်လျက်ရှ ိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကွမ်း၊ လယ်၊ ယာစိုက်ပျိုးရေးနှင့် ရာဘာတို့အဓိကထား စိုက်ပျိုးဖြစ်သည်။ ရောင်းမော်ကျေးရွာတွင် ထားဝယ်မြို့၏ ရှင်ကိုးရှင်သမိုင်းဝင် ဘုရားများ တွင် တစ်ဆူဖြစ်သည့် ရှင်မုတ္တီးဘုရား စံမြန်းရာနေရာနှင့် နီးကပ်လျက်ရှိပြီး ရှေးဟောင်းသမိုင်းဝင် ဂျောဘုရားတည်ရှိရဦးနေရာလည်းဖြစ်သည်။ ကျေးရွာ သည် ထားဝယ်- မြိတ် ကားလမ်းနံဘေး ရှေ့ဘက်(၁)မိုင်အကွာတွင် တည်ရှိပါသည်။ ထားဝယ်မြို့မှ (၈)မိုင်အကွာ အရှေ့တောင် ဘက်တွင် တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ရောင်းမော်ကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၄၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၈၀နှင့်၁၀၀) လက်မဖြစ်ပြီး၊ ကျေးရွာစိုက်ပျိုးရေး၊ လယ်/ယာနှင့် ရာဘာ၊ကွမ်း ပန်း အမျိုးမျိုးတို့ထွက်ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရောင်းမော်ကျေးရွာတွင် ကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းထားသော အဖွဲ့အစည်း အများအပြားရှိပါသည်။ ထိုအဖွဲ့အစည်းများသည် ရပ်ကျိုး၊ ရွာကျိုးအတွက် ကျေးရွာအုပ်ချုပ် ရေးမှူးနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ကျေးရွာတွင် ယခင်နှစ်များက World Vision အဖွဲ့မှ ကျန်းမာရေးနှင့် ပညာရေးလိုအပ်ချက်များကို လာရောက်ဆောင်ရွက်ပေး ခဲ့သော်လည်း ယခုအချိန်တွင် ကျေးရွာအကျိုး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိတော့သည်ကို တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ရောင်းမော်ကျေးရွာတွင် လယ်မြေ (၂၃၉.၃၁) ကေရှိပြီး မြေဆီလွှာ အရည်အသွေးများမှာလည်း ညံ့ဖျင်းလာပြီး အထွက်နှုန်းများလည်း နည်းပါးလျက် ရှိပါသည်။

ဉ ယျာဉ်ခြံသီးနှံများဖြစ်သော ရာဘာပင်၊ ကွမ်းသီးပင်နှင့် နာနတ်ပင်များကိုလည်း စိုက်ပျိုးကြပါသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် လယ်မြေကေပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏ (၉၄)ရာခိုင်နှုန်းခန့်ရှိပြီး စပါးစိုက်ပျိုး ထုတ်လုပ်မှုအပိုင်းတွင် ကျေးရွာ၏ ဝမ်းစာဖူလုံမှုအတွက် အသင့်အတင့်ရှိပါသည်။ ဆင်းရဲသော ကျပန်းမိသားစုများသည် လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်သမားများ အဖြစ် ဝင်ရောက်လုပ်ကိုင်ကြရပါသည်။ စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်ရရှိနိုင်သော နေရာမရှိပါ။ မိုးရေနှင့် လက်တူးတွင်းမှ ရေကို အသုံးပြု၍ စိုက်ပျိုးနေကြရသည်ကို တွေ့ရှိရပါသည်။

ရောင်းမော်ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်သည်။ စပါးရိတ်သိမ်းချိန်တွင် အလုပ်သမားများကို ဈေးနှုန်းမြင့်မားစွာဖြင့် ငှားရမ်းရခြင်း၊ သွင်းအားစုလိုအပ်ချက် မြင့်မားခြင်းကြောင့် အမြတ်ရရှိမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

ရောင်းမော်ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများမှာ ထွန်စက် (၄) ခု၊ လက်တွန်းထွန်စက် (၃) ခု ၊ ရေစုတ်စက် (၂၀) နှင့် မြက်ရိတ်စက် (၃၂) ခုရှိပါသည်။ စိုက်ပျိုးရေးသုံးကိရိယာများကို ငှားရမ်းသုံးစွဲ လုပ်ကိုင်နေသော တောင်သူများလည်း ရှိနေသေးသည်ကို တွေ့ရှိရပါသည်။

ရောင်းမော်ကျေးရွာတွင် သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အော်ဂဲနစ်ဓာတုပိုးသတ်ဆေးများ ဝယ်ယူရန်လက်လှမ်းမီခြင်း၊ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများရှိခြင်း၊ သွင်းအားစုဈေးကွက်လက်လှမ်းမီမှုရှိခြင်း စသည့်အခွင့်အလမ်းများ ရှိပါသည်။ ထို့အပြင် ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှုအတွက် ပစ္စည်းများကို ကျေးရွာအထိ လာရောက်ဝယ်ယူကြသည့် ပွဲစားများလည်း ရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမြေတိုးချဲ့ရန် အခွင့်အလမ်းမရှိခြင်း၊ ချေးငွေများ လုံလောက်စွာ မရရှိခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ စိုက်ပျိုးရေလုံလောက်မှု မရှိခြင်းစသည့် အခက် အခဲများ ရှိပါသည်။ ထို့အပြင် အခြားဖျက်ပိုးနှင့် ရောဂါကျရောက်မှု နည်းပါးသော်လည်း ကြွက်များဖျက်ဆီးသဖြင့် စိုက်ခင်းအများအပြားပျက်စီး ရပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ရောင်းမော်ကျေးရွာတွင် နွား၊ ဝက်၊ ကြက်နှင့် ဘဲစသည့် ဒေသမျိုးများကိုသာ တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်နေသော အိမ်ထောင်စုများမရှိပါ။ အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိလျှင် မွေးမြူရေးလုပ်ငန်းကို စီးပွားအဖြစ်

လုပ်ကိုင်နိုင်မည်ဖြစ်သည်။ကျေးရွာတွင် မွေးမြူရေးအတွက် ဒေသမျိုးများကိုသာ မွေးမြူကြပြီး စားကျက်မြေများလည်း အနည်းငယ်ရရှိနိုင်သေးသည်ကို တွေ့ရှိရသည်။ တချို့ အိမ်ခြံဝင်းများတွင် မွေးမြူရေးအတွက် မြေနေရာလုံလောက်မှုရှိပြီး မြစိမ်းရောင်ချေးငွေဖြင့်လည်း မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိသည်ကို တွေ့ရှိရပါသည်။

ရောင်းမော်ကျေးရွာတွင် မွေးမြူရေးအတွက် ချေးငွေရနိုင်သော်လည်း လုံလောက်မှုမရှိပါ။ ဝက်နာကျရောဂါများ တစ်ခါတစ်ရံဖြစ်ပွားလေ့ရှိပြီး နည်းပညာအကူအညီနှင့် နည်းလမ်းများ ရရှိနိုင်မှု နည်းပါးသဖြင့် အောင်မြင်မှု ရာခိုင်နှုန်းနည်းပါးနေပါသည်။ ထိုကြောင့် ရောဂါထိန်းချုပ်ရန် နည်းပညာအကူအညီများ လိုအပ်မှုရှိနေဆဲပင်ဖြစ်သည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ရောင်းမော်ကျေးရွာသည် ထားဝယ်မြို့နှင့် ၇မိုင်ခန့်ဝေး၍ လမ်းပန်းဆက်သွယ်ရေးလွယ်ကူခြင်း၊ မြစိမ်းရောင် ချေးငွေများ ရရှိသဖြင့် လက်လီလက်ကား ရောင်းဝယ်နိုင်ခြင်းစသည့် အခွင့်အလမ်းများ ရှိပါသည်။ ဒေသထွက်ပစ္စည်းများ ရှိခြင်းကြောင့်လည်း ရောင်းဝယ်ရေးလုပ်ငန်းများလည်း လုပ်ကိုင် နိုင်ပါသည်။

ရောင်းမော်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည်ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်းတို့သည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများပင် ဖြစ်သည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ရောင်းမော်ကျေးရွာတွင် လယ်သမားများအတွက် စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေရရှိပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှလည်း ချေးငွေများရရှိပြီး အတိုးနှုန်းမှာ (၁)ကျပ်အတိုးဖြင့် ပြန်လည်ပေးဆပ်ရသည့် ကာလမှာ (၁)နှစ်ဖြစ်ပါသည်။ ချေးငွေများရရှိသော်လည်း မလုံလောက်သဖြင့် အခက်အခဲများစွာရှိနေပြီး ငွေတိုးချေး သူထံမှ အတိုးနှုန်းမြင့်မားစွာဖြင့်လည်း ချေးယူလုပ်ကိုင်နေကြရသဖြင့် အဆင်မပြေမှုများရှိနေပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ထုတ်ချေး

ပေးလျှင် စိုက်ပျိုးရေးသမားများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရောင်းမော်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ တစ်နှစ်ပတ်လုံးအသုံးပြုကြသည်ကို တွေ့ရှိရပါသည်။ကျေးရွာအတွင်းတွင် မြေသားလမ်း (၄) လမ်းမှာ မိုးတွင်းကာလတွင် သွားလာရန်ခက်ခဲခြင်း၊ ကုန်စည်သယ်ယူရန် လွယ်ကူမှုမရှိခြင်း၊ ကလေးငယ်များ ပညာသင်ကြား၍ အခက်အခဲရှိခြင်းတို့ကြောင့် ပြန်လည်ပြုပြင်ရန် လိုအပ် နေပါသည်။ကျေးရွာတွင် တံတား (၁၇) စင်းရှိပြီး ရေပြွန် (၃) စင်းရှိပါသည်။ ရေပြွန်အသစ် (၃) စင်း ထပ်မံပြုလုပ်ရန် လိုအပ်ပြီး ကျေးလက်မှ ၂၀၁၄ ခုနှစ်တွင် တည်ဆောက်နေသော (၆ပေ)၊ (၂ပေ)တံတားတစ်စင်းမှာလည်း ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင် ရေပြွန်အသစ် (၂) ခုပြုလုပ်ရန် လိုအပ်နေပါသည်။

ရောင်းမော်ကျေးရွာသည် မြစ်ကြောင်း၊ ပင်လယ်နှင့် ဝေးကွာသောကြောင့် ကုန်းလမ်းပို့ဆောင်ရေးကိုသာ အဓိကထားအသုံးပြုကြပါသည်။ကျေးရွာအတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ တစ်နှစ်ပတ်လုံးအသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ရောင်းမော်ကျေးရွာတွင် ဓာတ်အားလိုင်းသုံးစွဲနေသော အိမ်ထောင်စု (၃၀၈) အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ငွေကြေးမတတ်နိုင်၍ ဖယောင်းတိုင်၊ ရေနံဆီမီးခွက်များ စသည်တို့ကို အသုံးပြုနေကြဆဲပင်ဖြစ်သည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ရောင်းမော်ကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ် အသုံးပြုနိုင်သောကြောင့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ လျင်မြန်စွာ သိရှိနိုင်မည်ဖြစ်သည်။

## ၆။ ပညာရေး

ရောင်းမော်ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၆) ရာခိုင်နှုန်းအထိရှိပြီး ဘွဲ့ရသူဦးရေ (၅၁)ဦးအထိ ရှိနေပြီ ဖြစ်သည်။ကျေးရွာရှိ အခြေခံပညာ

မူလတန်းကျောင်းတွင် ကျောင်းသားဦးရေ (၁၅၉)ဦးနှင့် အလယ်တန်းကျောင်းသား ဦးရေ (၉၈)ဦး ရှိပါသည်။ လက်ရှိ မူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်း နေအရွယ် (၅-၉)နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပိုနေရခြင်းမှာ မူလတန်း တက်ရောက်နေသူအချို့မှာ (၉)နှစ်ထက်အသက်ကြီးနေသောကြောင့် ဖြစ်သည်။

ရောင်းမော်ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိ၍ ကျောင်းဆောင် (၅) ဆောင်ရှိပါသည်။ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဖြစ်ပြီး အချို့ကျောင်းဆောင် များတွင် မျက်နှာကျက်များ တပ်ဆင်ရန် လိုအပ်နေပါသည်။ ကျောင်းသုံးပရိဘောဂများလည်း ထပ်မံဖြည့်တင်းပေးရန် လိုအပ်နေပါသည်။ကျေးရွာတွင် အခမဲ့မူလတန်းစနစ်ကြောင့် မူလတန်းကျောင်းထွက်မှုမရှိပါ။ ဗလာစာအုပ်၊ ပြဌာန်းစာအုပ်နှင့် ဝတ်စုံတစ်စုံစီကို ကျောင်းအပ်နှံသည့် နေ့တွင် ပညာရေးဦးစီးဌာနမှ ပံ့ပိုးထားသော်လည်း လုံလောက် မှုမရှိသဖြင့် ဝယ်သုံးရပါသည်။ တစ်ချို့အိမ်ထောင်စုများသည် ဆင်းရဲသဖြင့် ကျောင်းစရိတ် အခက်အခဲများရှိပါသည်။ ဆရာမဦးရေ (၁၇)ဦးရှိပြီး လုံလောက်မှုရှိသော်လည်း တစ်ခါတစ်ရံ သင်ကြားရေးအခက်အခဲများရှိပါသည်။ မိဘဆရာအသင်းသည်ပညာရေးတွင် ပူးပေါင်း ဆောင်ရွက်မှုရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ရောင်းမော်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆီးချိုရောဂါများ အဓိကဖြစ်ပွားလေ့ရှိသည်။ သွေးတိုးရောဂါဖြစ်ပွားမှု များပြီး ကျေးရွာဆေးခန်းတွင်ပင် ဆေးကုသမှုခံယူရပါသည်။ အရေးပေါ်အခြေအနေဆိုးရွားလာပါက ထားဝယ်မြို့နယ်ဆေးရုံကြီးသို့ သွားရောက်ကုသကြရပါသည်။ကျေးရွာတွင် ကျန်းမာရေး ဝန်ထမ်းများဦးစီး၍ ကာကွယ်ဆေးများကို ပုံမှန်တိုက်ကျွေးခြင်း၊ ထိုးနှံပေးခြင်းများ ပြုလုပ် ပေးလိမ့်ရှိပါသည်။

ရောင်းမော်ကျေးရွာတွင် ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက တစ်မိုင်ခန့်ကွာဝေးသော ရှင်မုတ္တီးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနတွင် သွားရောက် ပြသကြရပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ရှင်မုတ္တီး ကျေးရွာတွင် ဝယ်ယူရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက် ထားဝယ်မြို့ပေါ်ရှိ ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များတွင် သွားရောက်ဝယ်ယူကြရပါသည်။

ရောင်းမော်ကျေးရွာရှိ အိမ်ထောင်စုများသည် အိမ်ဝိုင်းအတွင်း ကျောက်ခွေချထားသည့် ရေတွင်းကိုသာ အသုံးပြုကြပြီး မိုးရာသီနှင့် ဆောင်းရာသီ၌သာ ရေလုံလောက်မှုရှိ၍ နွေရာသီတွင် ရေမလုံလောက်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာအတွင်းတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၂၇၁) အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ငွေကြေးမတတ်နိုင်ခြင်း၊ ကျန်းမာရေးအသိပညာ အားနည်းခြင်းတို့ကြောင့် ကျင်းတက်အိမ်သာ၊ မြေပေါ်အိမ်သာနှင့် တောထိုင်များကို ယခုချိန်ထိ အသုံးပြုနေကြဆဲပင် ဖြစ်သည်။ ထို့ကြောင့် အိမ်တိုင်းစေ့ယင် လုံအိမ်သာဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အဓိကကျသည်ကို တွေ့ရှိရပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရောင်းမော်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို နှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မရှိပါ။ အနည်းငယ်ရှိသော်လည်း မိသားစုစောင့်ရှောက်မှုများ ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၇)စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၈)စု ရှိသည်ကို တွေ့ရှိရပါသည်။ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးခြင်းမှလွဲ၍ အခြားထိခိုက်လွယ်မှု အခြေအနေများ မရှိသည်ကို တွေ့ရှိရပါသည်။

ရောင်းမော်ကျေးရွာရှိ လက်ရှိအခြေအနေတွင် မြေဆီလွှာများ ဆိုးရွားစွာ မပျက်စီးသေးသော်လည်း နောင်တွင် အန္တရာယ်ရှိလာနိုင်သည်ကို စိုးရိမ်နေရပါသည်။ အချို့ပိုးမွှားများနှင့်ရောဂါကျရောက်မှုကို ထိန်းချုပ်နိုင်သော်လည်း ကြွက်များ ဖျက်ဆီးမှုကို မတားဆီးနိုင်သေးပါ။ ကျေးရွာအမြင့်ပိုင်းတွင် နေထိုင်နေသော အိမ်ထောင်စုများသည် တစ်နှစ်လုံးနီးပါးရေ အခက်အခဲနှင့်ကြုံတွေ့နေရပါသည်။ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းနှင့် တွင်းတူးမြေမြှုပ်သော အလေ့အကျင့်ရှိသဖြင့် အန္တရာယ်ကျရောက်နိုင်မှု အခြေအနေ နည်းပါးသည်ကို တွေ့ရှိရသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ရောင်းမော်ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းနေပါသည်။ သို့သော်လည်း ကျေးရွာ၏ သာရေးနာရေး ကိစ္စများတွင် အားတက်သရော ပါဝင်ကူညီကြပါသည်။ အမျိုးသမီးရေးရာ

အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။ ကျေးရွာတွင် လယ်ယာ လုပ်ငန်းနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင်သာ နေ့စားလုပ်သမားများရှိပြီး ကျား-မလုပ်အားခ ရရှိမှုများ မတူညီကြသည်ကို တွေ့ရှိရပါသည်။

ရောင်းမော်ကျေးရွာတွင် အိမ်ထောင်စု (၃၇၈) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၂၀၇၀) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄၈) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ၆၇% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄၈) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသား အဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် များပြားနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

ရောင်းမော်ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၆) ရာခိုင်နှုန်း အထိရှိပြီး ဘွဲ့ရသူဦးရေ (၅၀)ဦးအထိ ရှိနေပြီ ဖြစ်သည်။ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသားဦးရေ (၁၅၉)ဦးနှင့် အလယ်တန်းကျောင်းသား ဦးရေ (၉၈)ဦး ရှိပါသည်။ လက်ရှိ မူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်း နေအရွယ် (၅-၉)နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပိုနေရခြင်းမှာ မူလတန်း တက်ရောက်နေသူအချို့မှာ (၉)နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်သည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် -ရောင်းမော် | | | ကျေးရွာအမည် – ရောင်းမော် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ပညာရေး | ကျောင်းအဆောက်အဦ ပရိဘောဂ၊သင်ထောက်ကူ | စာသင်ကျောင်းဆောင်(၁)ဆောင် ဆောက်လုပ်ပေးခြင်း။ သင်ထောက်ကူပစ္စည်း၊ ကျောင်းပရိဘောဂနှင့် အားကစားပစ္စည်းထောက်ပံ့ပေးခြင်း | |
| ၂ | ပညာရေး | ဆရာ၊ဆရာမ | ဆရာ၊ဆရာမများလုံလောက်စွာခန့်အပ်ပေးရန်။ | |
| ၃ | ပညာရေး | အစိုးရအသိမှတ်မပြု (အသက်မွေးပညာ) | အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း၊(ဥပမာ-ဆိုင်ကယ်ပြင်၊ဖုန်းပြင်) | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း(၂)မိုင်ကွန်ကရစ်ခင်းခြင်း၊ကွန်ကရစ်တံတားချဲ့ခြင်း၊ရေပြွန်တည်ဆောက်ခြင်း | |
| ၅ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေတွင်းတူးဖော်ခြင်း၊ရေကန်တည်ဆောက်ခြင်း၊အိမ်အရောက်ရေပိုပ်သွယ်တန်းခြင်း။ | |
| ၆ | မွေးမြူရေး၊ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | နည်းပညာ | ရောဂါကာကွယ်ရေးနည်းပညာပေးခြင်း။ | |
| ၇ | စိုက်ပျိုးရေး | နည်းပညာ | နည်းပညာသင်တန်းများပေးခြင်း။ | |
| ၈ | စိုက်ပျိုးရေး | စက် | စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာများအရစ်ကျဝယ်ယူခွင့်ရအောင်ဆောင်ရွက်ပေးခြင်း | |
| ၉ | ငွေကြေး | အသေးစား | စိုက်ပျိုးရေးချေးငွေရရှိအောင်ဆောင်ရွက်ပေးခြင်း | |
| ၁၁ | ငွေကြေး | အသေးစား | မွေးမြူရေးချေးငွေရရှိအောင်ဆောင်ရွက်ပေးခြင်း | |
| ၁၂ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး | ဆေးပေးခန်းဆောက်လုပ်ပေးခြင်း | |

| ကျေးရွာအုပ်စုအမည် –ရောင်းမော် | | | ကျေးရွာအမည် – ရောင်းမော် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၃ | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေး | ကျန်းမာရေးဟောပွဲများပြုလုပ်ပေးခြင်း | |
| ၁၄ | လူငယ်နှင့်အားကစား | အားကစား | စာပေဟောပြောပွဲနှင့် အားကစားပစ္စည်းများထောက်ပံ့ပေးခြင်း | |

နောက်ဆက်တွဲ (၁)

## ရောင်းမော်ကျေးရွာ၊ ရောင်းမော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအေးဝင်း | ဦးချစ်ထွန်း | ၆/ထဝန (နိုင်) ၀၅၇၁၈၀ | ၄၅ | ဥက္ကဋ္ဌ | |
| ၂ | ဦးခင်လှိုင် | ဦးဒုန်း | ၆/ထဝန (နိုင်) ၀၅၇၅၀၃ | ၆၅ | အဖွဲ့ဝင် | |
| ၃ | ဦးဖေညွန့် | ဦးအေးဘု | ၆/ထဝန (နိုင်) ၀၅၇၂၈၉ | ၆၁ | စာရင်းစစ် | |
| ၄ | ဦးကြည်စိုး | ဦးမောင်သန်း | ၆/ထဝန (နိုင်) ၀၆၈၇၆၈ | ၅၆ | အဖွဲ့ဝင် | |
| ၅ | ဦးစိုးရန် | ဦးကျင်ရွှေ | ၆/ထဝန (နိုင်) ၀၆၂၃၂၄ | ၅၁ | အတွင်းရေးမှူး | |
| ၆ | ဦးသီးစိန် | ဦးဘသီးညို | ၆/ထဝန (နိုင်) ၀၅၇၁၉၁ | ၂၈ | အဖွဲ့ဝင် | |
| ၇ | ဦးဘမင်း | ဦးလှရှိန် | ၆/ထဝန (နိုင်) ၀၃၀၀၂၄ | ၆၁ | အဖွဲ့ဝင် | |
| ၈ | ဦးအောင်ကျော် | ဦးဖေစီ | ၆/ထဝန (နိုင်) ၀၅၇၃၄၆ | ၄၅ | စာရင်းကိုင် | |
| ၉ | ဦးဦးတင် | ဦးစံဖေ | ၆/ထဝန (နိုင်) ၀၅၇၅၁၇ | ၆၂ | ဘဏ္ဍာရေးမှူး | |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၂ | ၂၈ | ၅၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅၃ | ၅၅ | ၁၀၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၆ | ၆၂ | ၁၂၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၁၇ | ၉၆ | ၂၁၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၁၀ | ၆၈၂ | ၁၃၉၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၇၇ | ၁၀၃ | ၁၈၀ |
| **စုစုပေါင်း** | | **၁၀၄၄** | **၁၀၂၅** | **၂၀၇၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၇၈** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာတွင် အိမ်ထောင်စု (၃၇၈) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၂၀၇၀) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄၈) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ၆၇% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄၈) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် များပြားနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက ဝင်ငွေရ | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၉၆ | ၃၁၉ | ၁၄ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၉ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၂၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၂ | ၉၈ | ၂၉၉ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၃၇၈ | ၄၃၈ | ၃၃၇ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း ( လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း )တွင် လုပ်ကိုင်သော အိမ်ထောင်စု (၂၉၆) စု၊ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု (၉)စု၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ကိုင်သော အိမ်ထောင်စု (၇) အိမ်ထောင်စုနှင့် အခြားကျပန်းလုပ်ငန်းတွင် လုပ်ကိုင်သော အိမ်ထောင်စု (၆၂)စုရှိပါသည်။ ကျေးရွာအိမ်ထောင်စု၏ လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် အခြားဒေသများသို့ ရွှေ့ပြောင်းလုပ်ကိုင်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာတွင် လယ်ယာလုပ်ငန်းနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင်သာ နေ့စားလုပ်သမားများရှိပြီး ကျား-မ လုပ်အားခရရှိမှုများ မတူညီကြသည်ကို တွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၇၈.၃၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၆၆.၃ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅၁၁.၂၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၁၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၂၁၈.၉၅ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာတွင် လယ်မြေ (၂၃၉.၃၁) ဧကရှိပြီး မြေဆီလွှာ အရည်အသွေးများမှာလည်း ညံ့ဖျင်းလာပြီး အထွက်နှုန်းများလည်း နည်းပါးလျက် ရှိပါသည်။ ဥယျာဉ်ခြံသီးနှံများဖြစ်သော ရာဘာပင်၊ ကွမ်းသီးပင်နှင့် နာနတ်ပင်များကိုလည်း စိုက်ပျိုးကြပါသည်ကို တွေ့ရှိရပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း လက်လှမ်းမီမှု ခက်ခဲလာပြီး နွားစာအတွက် မြက်သာ ရရှိပါသည်။ အခြားဆေးဖက်ဝင်အပင်များလည်း ယခင်ကထက်ရှားပါးလာသည်ကို တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇၉ | ၁၄၄ | ၁၂၅ | ၂၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာ၏ အခြေအနေအထားကို ကျေးရွာသူ/ ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်သတ်မှတ်မှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။

ဓနဥစ္စာအရ အဆင်ပြေသော အိမ်ထောင်စုမှာ ကျေးရွာအိမ်ထောင်စုပေါင်း၏ ၅၈ ရာခိုင်နှုန်းခန့် ရှိပြီး မြေယာပိုင်ဆိုင်မှုမှာလည်း အလယ်အလတ်ရှိသောအိမ်ထောင်စုများနေကြောင်း တွေ့ရှိရသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၃၁ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၂ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၂ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _____ _____<br>လုပ်အားခကြိုယူ = ___________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာတွင် ဝမ်းစာဖူလုံမှုစစ်တမ်း အဆင့် (၃) မှ (၃၈) အိမ်၊ အဆင့် (၄)မှ (၇) အိမ် စုစုပေါင်း (၄၅) အိမ်ကောက်ယူမည့် အခြေအနေအရ (၃)လအောက် ဝမ်းစာဖူလုံမှု ရာခိုင်နှုန်းမှာ (၆၈.၈၈) ရာခိုင်နှုန်း ရှိသဖြင့် စားနပ်ရိက္ခာဖူလုံမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။ မိတ်ဆွေငွေတိုးချေးသူထံမှ ငွေချေးယူ၍ ဝင်ငွေရရှိသည့် အချိန်နှင့် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်သူများမှ ပြန်ပို့ငွေကို ပြန်ဆပ်ခြင်းအားဖြင့် ဖြေရှင်းနေကြရပါသည်။ စားသုံးရန်နှင့် ကျန်းမာရေးအတွက် အဓိကချေးယူ ကြရပါသည်။

## (၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

### ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၇ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၈ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို နှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မရှိပါ။ အနည်းငယ်ရှိသော်လည်း မိသားစုစောင့်ရှောက်မှုများ ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၇)စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၈)စု ရှိသည်ကို တွေ့ရှိရပါသည်။

## (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

### ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရောင်းမော်ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးခြင်းမှ လွဲ၍ အခြားထိခိုက်လွယ်မှု အခြေအနေများ မရှိသည်ကို တွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
